# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉–၁၀–၂၀၁၃] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ် တရားရုံးနှင့် ဥပဒေရုံး မြေနေရာတွင် ခေတ်မီ(၂)ထပ်ရုံး တည်ဆောက်ပေးရန်နှင့် တရားစီရင်ရေး အထောက်အကူပြု ကော်မတီဖွဲ့စည်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းယန်းလမ်းနှင့် မိုင်းလားလမ်း နှစ်လမ်းကြား ၁၃ မိုင်တွင် ရေထွက်ပေါက်နေရာကို ရေလမ်းကြောင်း ချဲ့ပေးနိုင်ရေးဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်မြို့ လမ်းမကြီးများပေါ်တွင် ရောင်းချနေသော လမ်းဘေးဈေးသည်များကို မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက် သွားမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **အရက်ဆိုသက်သက် မဖြန့်ဖြူးဘဲ သုံးဆောင်နိုင်သော အခြေအနေရောက်မှ ဖြန့်ဝေရောင်းချသင့်ကြောင်းနှင့် အရက်ဆိုင်ကိုယ်စားလှယ်ပေးခြင်းကို ရပ်တန့်ပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာ စက်မှုဇုန်များ စနစ်တကျဖြင့် အမှန်တကယ် ပေါ်ထွက်လာရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့၊ ရွာသစ်ကြီး အမှတ်(၃) အထည်စက်ရုံအား ဖျက်သိမ်းရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းခဲ့ပြီး ဆွေးနွေးဆောင်ရွက်ဆဲဖြစ်သည့် **" အသင်းအဖွဲ့များ ဆိုင်ရာဥပဒေကြမ်း"** ကို ရပ်သိမ်းခြင်းအား လွှတ်တော်၏ သဘောထား ရယူခြင်း။

၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော **" အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။